ယာယီဝိနိစ္ဆယဌာနအက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၆။]

(၁၉၅၂ ခု၊ ဖေဖော်ဝါရီလ ၁ ရက်)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ (၁) ဤအက်ဥပဒေကို **၁၃၁၃ ခုနှစ်၊ ယာယီဝိနိစ္ဆယဌာန အက်ဥပဒေ**ဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည် နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့တွင် သတ်မှတ်သည့်အရပ်ဒေသ၌ ပုဒ်မ ၃ နှင့်မဆန့်ကျင်စေဘဲ အာဏာတည်ရမည်။

၂။ ဤအက်ဥပဒေတွင်-

(က) "အဆိုပါဥပဒေ" ဆိုသည်မှာ ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာနအက်ဥပဒေကို ဆိုလိုသည်။

(ခ) "ဝိနည်းဓမ္မကံအဓိကရုဏ်းမှု" ဆိုသည်မှာ၊ အဆိုပါဥပဒေပုဒ်မ ၁၅ တွင်အဓိပ္ပါယ်သတ်မှတ် ပိုင်းခြားထားသည့် အဓိကရုဏ်းမှုကိုဆိုလိုသည်။

(ဂ) "နိုင်ငံတော်ဝိနိစ္ဆယဌာန" ဆိုသည်မှာ၊ အဆိုပါဥပဒေအရ တည်ထောင်ထားသောနိုင်ငံတော် ဝိနိစ္ဆယဌာနကို ဆိုလိုသည်။

(ဃ) "မြို့နယ်" ဆိုသည်မှာ အဆိုပါဥပဒေပုဒ်မ ၂(၁)(က) တွက်အဓိပ္ပါယ်သတ်မှတ်ပိုင်းခြား ထားသည့် မြို့နယ်ကိုဆိုလိုသည်။

(င) "မြို့နယ်ဝိနိစ္ဆယဌာန" ဆိုသည်မှာ၊ အဆိုပါဥပဒေအရ တည်ထောင်ထားသောမြို့နယ်ဝိနိစ္ဆယဌာန ကိုဆိုလိုသည်။

၃။ နိုင်ငံတော်သမ္မတက အဆိုပါဥပဒေပုဒ်မ ၁ (၃) (ဃ)အရ အဆိုပါဥပဒေပြဋ္ဌာန်းချက်များအာဏာ တည်ရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်အခါ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖော်ပြထားသည့် အရပ်ဒေသများ၌ သီးခြားဖော်ပြထားသည့်နေ့ရက်တွင် အဆိုပါအမိန့်ကြော်ငြာစာဖြင့် ဤအက်ဥပဒေ ကိုရုပ်သိမ်းသည်ဟု မှတ်ယူရမည်။ သို့ရာတွင် ဤအက်ဥပဒေကို ယင်းသို့ရုပ်သိမ်းသည့်အခါ၌ မပြီးပြတ်သေးသော ဝိနည်းဓမ္မကံ အဓိက ရုဏ်းမှုကို ဤအက်ဥပဒေအရ နောက်ဆုံးပြီးပြတ်သည့်တိုင်အောင် ဆက်လက်စစ်ဆေးရမည်။

၄။ (၁) ဤအက်ဥပဒေအရ ယာယီဝိနိစ္ဆယဌာနများ တည်ထောင်ရမည်။ ထိုယာယီဝိနိစ္ဆယဌာနများမှာ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုများကို ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်ရန်အာဏာရှိရမည်။

(၂) ယာယီဝိနိစ္ဆယဌာန အသီးသီးအတွက် အဆိုပါဥပဒေပုဒ်မ ၁၁ (၁) တွင်ပြဋ္ဌာန်းထားသည့် ဂုဏ်အင်္ဂါ အရည်အချင်းနှင့်ပြည့်စုံသော ဆယ်ပါးထက်မပိုသည့် ဝိနည်းဓိရ်ဆရာတော်များကို နိုင်ငံတော်သမ္မတက ခန့်ရမည်။

၅။ (၁) ယာယီဝိနိစ္ဆယဌာနများသည် နိုင်ငံတော်ဝိနိစ္ဆယဌာန၏ လက်အောက်ခံဖြစ်ရမည်။

(၂) ယာယီဝိနိစ္ဆယဌာနအသီးသီး၏ စီရင်ခွင့်အာဏာနယ်နိမိတ်မှာ ထိုဌာနတည်ရှိရာမြို့နယ် အသီးသီး ဖြစ်ရမည်။

၆။ ပုဒ်မ ၄ အရ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုကို ကြားနာစစ်ဆေးစီရင်သည့် ယာယီဝိနိစ္ဆယဌာနသည် မြို့နယ်ယာယီဝိနိစ္ဆယဌာန၏အာဏာအားလုံးကို သုံးစွဲနိုင်သည့်ပြင် အဆိုပါဥပဒေပုဒ်မ ၅၊ ၇၊ ၈၊ ၁၂၊ ၁၃(၂)၊ ၁၅၊ ၁၆၊ ၁၇၊ ၂၂၊

၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇(၄) နှင့် (၅)၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂(၂)နှင့် (၃) ပါ ပြဋ္ဌာန်းချက်များနှင့် အဆိုပါဥပဒေ ပုဒ်မ ၃၃ အရပြုလုပ်သော နည်းဥပဒေများအနက် ရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေများမှတပါး အခြားနည်းဥပဒေများသည် မြို့နယ်ဝိနိစ္ဆယဌာနနှင့် သို့တည်းမဟုတ် ထိုဌာန ဆိုင်ရာ ဝိနည်းဓိရ် ဆရာတော်များနှင့် ဖြစ်နိုင်သမျှသက်ဆိုင် ရမည်။

၇။ ယာယီဝိနိစ္ဆယဌာနဆိုင်ရာ ဝိနည်းဓိရ်ဆရာတော်၊ တာဝန်ခံဆရာတော်နှင့် တွဲဘက်တာဝန်ခံဆရာ တော်တို့၏ ယာယီဝိနိစ္ဆယဌာနမှူခင်းကိစ္စနှင့် စပ်လျဉ်းသည့် ခရီးစရိတ်များအတွက် နိုင်ငံတော်အစိုးရက တာဝန်ယူရမည်။

၈။ အခြားတည်ဆဲ တရားဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ ယာယီဝိနိစ္ဆယဌာန၏ ဆုံးဖြတ်ချက် ကို နိုင်ငံတော်ယာယီဝိနိစ္ဆယဌာနတွင် စောဒနာဝင်ခွင့်ရှိရမည်။ ယင်းသို့ စောဒနာဝင်သည့်အခါ နိုင်ငံတော်ယာယီဝိနိစ္ဆယဌာနကချမှတ်သည့် ဆုံးဖြတ်ချက်သည် အဆုံးသတ်အတည်ဖြစ်ရမည်။

ခြွင်းချက်။ သို့ရာတွင် အာစာရဝိပတ္တိ သို့တည်းမဟုတ် လဟုဘဏ်ပစ္စည်းနှင့်စပ်လျဉ်းသော အဓိကရုဏ်း မှုတွင် ယာယီဝိနိစ္ဆယဌာန၏ဆုံးဖြတ်ချက်ကို စောဒနာ ဝင်ခွင့်မရှိစေရ။

၉။ (၁) အခြားတည်ဆဲတရားဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ၊ ဤအက်ဥပဒေအရစောဒနာဝင်မှုကို ဆိုင်ရာစီရင်ချက်ချမှတ်သည့်နေ့မှ ၄၅ ရက်အတွင်းနိုင်ငံတော် ယာယီဝိနိစ္ဆယဌာနသို့ စောဒနာဝင်လွှာ သွင်းရမည်။

ခြွင်းချက်။ သို့ရာတွင် ဤပုဒ်မ၌ ပြဋ္ဌာန်းထားသည့် စည်းကမ်းသတ်ကာလ အပိုင်းအခြားကုန်လွန်ပြီး သည့်နောက်မှ တင်သွင်းသည့်စောဒနာဝင်လွှာကို အန္တရာယ် ၁၀ ပါးအနက် တပါးပါးကြောင့် စောဒနာဝင် လွှာတင်သွင်းရန် ကြန့်ကြာနေခြင်းဖြစ်လျှင် နိုင်ငံတော်ယာယီဝိနိစ္ဆယဌာနက လက်ခံနိုင်သည်။

(၂) စောဒနာဝင်သူက အမှုဖြစ်ပျက်ရင်း အခြင်းအရာအချက်အလက်များ၊ ဝိနည်းတရားတော် အချက်အလက်များနှစ်ချက်လုံးနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝိနိစ္ဆယဌာနတွင် ကန့်ကွက်လိုသည့် အကြောင်း အချက်များ စောဒနာဝင်လွှာတွင် စုံလင်နိုင်သမျှ စုံလင်စွာ ပါရှိရမည့်ပြင် ယင်းသည်အကြောင်းအချက် များကို အစဉ်အတိုင်းအမှတ်စဉ်ရမည်။ စောဒနာဝင်သူက ထိုစောဒနာဝင်လွှာကို လက်မှတ်ရေးထိုးရ မည်။ထို့ပြင် စောဒနာဝင်သည့် စီရင်ချက်မိတ္တူ တစောင်ကို စောဒနာဝင်လွှာနှင့် ပူးတွဲတင်သွင်းရမည်။

၁၀။ အခြားတည်ဆဲ တရားဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုနှင့် စပ်လျဉ်း၍ မူလမှုတခုခုသည် ဤအက်ဥပဒေအာဏာတည်သည့်နေ့၌ ဤအက်ဥပဒေအာဏာတည်သည့် အရပ်ဒေသရှိ တရားမရုံးတခုခုတွင် မပြီးပြတ်ရှိနေသေးလျှင်၊ ထိုတရားမရုံးက အဆိုပါမူလမှုကိုဆိုင်ရာ ဝိနိစ္ဆယဌာနသို့ လွှဲပြောင်းပေးအပ်ရမည်။

၁၁။ ပုဒ်မ ၃ အရဤအက်ဥပဒေကို ရုပ်သိမ်းသည့်အခါ အဆိုပါဥပဒေပုဒ်မ ၇(၃)(စ) အရထားရှိသည့် အမှုမှတ်တမ်းများကိုဂင်း၊ အဆိုပါဥပဒေပုဒ်မ ၃၁(၁) အရမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် စာမှတ် စာတမ်းများကိုဂင်း အဆိုပါဥပဒေအရ တည်ထောင်သည့် ဆိုင်ရာမြို့နယ်ဝိနိစ္ဆယဌာနသို့ လွှဲပြောင်း ပေးအပ်ရမည်။